# ၁၉၅၃ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ် ပြန်လည်ထူထောင်ရေး နှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၃ ခုနှစ်၊ အက်ဥပဒေ အမှတ် ၇၆။]

အောက်ပါအတိုင်းအက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို ၁၉၅၃ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည် ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေဟု ခေါ်ရမည်။

၂။ ။နောက်တွင် "အဆိုပါအက်ဥပဒေ" ဟုရည်ညွှန်းသည့် ၁၉၅၁ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ် ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ အက်ဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (၁)၊ အပိုဒ် (ဂ) အစား၊ အောက်ပါကိုအပိုဒ် (ဂ) အဖြစ်ဖြင့်ထည့်သွင်းရမည်။

"(ဂ) ဘဏ္ဍာရေးနှင့်အခွန်တော်ဝန်ကြီးဌာနမှကိုယ်စားလှယ်တဦး။"

၃။ ။အဆိုပါအက်ဥပဒေ ပုဒ်မ ၁၁ တွင်၊ အောက်ပါကိုပုဒ်မခွဲ (၅) အဖြစ်ဖြင့်ထည့်သွင်းရမည်။

"(၅) အဖွဲ့သည်၊ သင့်တော်သည်ဟုထင်မြင်ယူဆလျှင်၊ မိမိ၏အာဏာ နှင့်တာဝန်ဝတ္တရားများကို၊ ဥက္ကဋ္ဌအား လွှဲအပ်နိုင်သည်။"

၄။ ။အဆိုပါအက်ဥပဒေပုဒ်မ ၁၀၊ အပိုဒ် (ဂ) တွင် "အဖွဲ့က" ဆိုသည့်စကားရပ်နောက်၌ "ဥက္ကဋ္ဌအားဖြင့်" ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

၅။ ။အဆိုပါအက်ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (၂) တွင်၊ အောက်ပါကို အပိုဒ် (က-၁) အဖြစ်ဖြင့်ထည့်သွင်းရမည်။

"(က-၁) အဆိုပါမြေသိမ်းအက်ဥပဒေပုဒ်မ ၂၃၊ ပုဒ်မခွဲ (၁) တွင် 'first, the market value of the land at the date of the publication of the notification under section 4, sub-section (i);' ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။"

၆။ ။အောက်ပါကို အဆိုပါအက်ဥပဒေ၏ ပုဒ်မ ၁၉-က အဖြစ်ဖြင့်ထည့် သွင်းရမည်။

"၁၉-က။ ။(၁) နိုင်ငံတော်သမ္မတ သည်၊ မြို့ရွာစည်ပင်ရေးနှင့် ပြည်သူ့ အိုးအိမ်ပြန်လည်ထူထောင်ရေးလုပ်ငန်း တိုးတက်အောင် ဆောင်ရွက်ရန်အလို့ငှါ၊ အဖွဲ့ကအလိုရှိသော မည်သည့်မြေကို မဆို သိမ်းယူရန်ဆောင်ရွက်သည့်အခါ၊ ထိုမြေပေါ်တွင် အဆောက်အအုံတခုခုတည်ရှိနေလျှင်၊ ထိုအဆောက်အအုံကိုသိမ်း ယူရန် နိုင်ငံတော်သမ္မတ၌အာဏာရှိရမည်။

သို့ရာတွင် နိုင်ငံတော်သမတ က၊ ဤပုဒ်မခွဲအရ မိမိ၏အာဏာကိုမသုံးစွဲမီ၊ ထိုအဆောက်အအုံကိုသိမ်းယူခြင်းသည်၊ ဆိုခဲ့သည့်အတိုင်း ကိုး ဝက်အောင်ဆောင်ရွက်ရန်အတွက်၊ သို့တည်းမဟုတ် မြို့ရွာစီမံကိန်းအရတည်ဆောက်ခြင်းနှင့် အသစ်ပြန်လည်တည်ဆောက်ခြင်းများပြုလုပ်ရန်အတွက် လိုအပ်သည်ဟု နိုင်ငံတော်သမတ က ကျေနပ်ပြီးဖြစ်ရမည်။

(၂) ပုဒ်မ ၁၉၊ ပုဒ်မခွဲ (၂) တွင်ဖော်ပြထားသော ပြင်ဆင်ချက်များနှင့် မဆန့်ကျင်စေဘဲ၊ မြေသိမ်းအက်ဥပဒေပုဒ်မ ၂၃ မှတပါး၊ ထို အက်ဥပဒေပါ အခြားပြဋ္ဌာန်းချက်အားလုံးသည်၊ မြေသိမ်းယူခြင်းနှင့်သက်ဆိုင်သကဲ့သို့ ဤပုဒ်မအရအဆောက်အအုံ တခုခုကို သိမ်းယူခြင်းနှင့်လည်း သက်ဆိုင်နိုင်သမျှသက်ဆိုင်စေရမည်။''

၃။ ။အဆိုပါအက်ဥပဒေပုဒ်မ ၂၇ တွင်——

(က) အောက်ပါကို ပုဒ်မခွဲ (၁) ၏ အပိုဒ် (ခ-၁) အဖြစ်ဖြင့် ထည့်သွင်းရမည်။

'' (ခ-၁) ဝန်ကြီးဌာန၊ အစိုးရဌာန၊ အဖွဲ့၊ သို့တည်းမဟုတ် ဒေသန္တရ အာဏာပိုင်တရပ်ရပ်ထံမှ မြေနှင့် အခြားမရွှေ့မပြောင်းနိုင်သည့်ပစ္စည်းများကို လွှဲပြောင်းရယူနိုင်၍၊ ဝန်ကြီးဌာန၊ အစိုးရဌာန၊ အဖွဲ့၊ သို့တည်းမဟုတ် ဒေသန္တရ အာဏာပိုင်တရပ်ရပ်သို့ ထိုမြေနှင့် အခြားမရွှေ့မပြောင်းနိုင်သည့်ပစ္စည်းများကို လွှဲပြောင်းပေးနိုင်သည့်အာဏာ။ ''

(ခ) အောက်ပါကို ပုဒ်မခွဲ (၇) အဖြစ်ဖြင့်ထည့်သွင်းရမည်။

'' (၇) အဖွဲ့သည်၊ မြူနီစီပါယ်ကော်မီတီအား၊ သို့တည်းမဟုတ် ကော်ပိုရေးရှင်းအား အခွင့်မရဘဲဆောက်ထားသော အဆောက်အအုံကို၊ သို့တည်းမဟုတ် အဆောက်အအုံများကို ဖယ်ရှားရန်နို့တစ်စာဖြင့်ညွှန်ကြားသောအခါ၊ အဖွဲ့သည် ထို နို့တစ်စာမိတ္တူများကို ထိုအဆောက်အအုံ၌၊ သို့တည်းမဟုတ် အဆောက်အအုံများ၌ နေသူတို့ထံ ပေးပို့ရမည်။ အဆိုပါ နို့တစ်စာကို စာပို့တိုက်မှ ရီဇစ္စတြီပြုလုပ်၍ ထိုသူတို့ထံပေးပို့နိုင်သည်။ သို့တည်းမဟုတ် ထိုအဆောက်အအုံများ၏ ပြင်ဘက်တွင် ကပ်ထားနိုင်သည်။ မြူနီစီပါယ်ကော်မီတီက၊ သို့တည်းမဟုတ် ကော်ပိုရေးရှင်းက၊ အဖွဲ့၏ညွှန်ကြားချက်အတိုင်း လိုက်နာရန်ပျက်ကွက်လျှင်၊ ရန်ကုန်မြို့တော် မြူနီစီပါယ်အက်ဥပဒေတွင်သော်၎င်း၊ မြူနီစီပါယ်အက်ဥပဒေတွင်သော်၎င်း၊ ဤပုဒ်မတွင်သော်၎င်း၊ မည်သို့ပင်ပါရှိစေကာမူ အဖွဲ့သည်၊ နောက်ထပ်နို့တစ်စာမချအပ်ဘဲ၊ သို့တည်းမဟုတ် စစ်ဆေး မေးမြန်းခြင်းမပြုဘဲ၊ အဆိုပါ အဆောက်အအုံများကို ဖြိုဖျက်နိုင်သည်။ ယင်းသို့ဖြိုဖျက်သည့်အခါ၊ ထို

ဆောက်အအုံများ စသည့်ရာမြေပေါ်ရှိ ပစ္စည်း တခုခုကို ဖယ်ရှားရန်၎င်း၊ ထိုမြေပေါ်တွင်နေသူတဦးဦးထံမှ မြေကို လက်ရှိ ရယူရန်၎င်း၊ ထိုမြေကွက်လပ်ကို မြေပိုင်ရှင်သို့ လွှဲပြောင်းပေးရန်၎င်း၊အဖွဲ့၌အာဏာရှိရမည်။''

၀။ ။ ၁ ခဆိုပါအက်ဥပဒေပုဒ်မ ၂၀ တွင်—

(က) အောက်ပါကို ပုဒ်မခွဲ (၁) နှင့် (၂) အစားထည့်သွင်းရမည်။

'' (၁) ရန်ကုန်မြို့တွင် ရန်ကုန်မြို့တော်မြူနီစီပါယ် အက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်၎င်း၊ ပြည်ထောင်စု မြန်မာနိုင်ငံအခြား အရပ်ဒေသများတွင် မြူနီစီပါယ်အက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်၎င်း၊ ထိုအက်ဥပဒေများအရ ပြုသည့်နည်းဥပဒေများနှင့်၊သို့တည်းမဟုတ် စည်းကမ်းဥပဒေများနှင့်၎င်း၊မဆန့်ကျင်စေဘဲ၊ အဖွဲ့သည် အများသိစေရန်ကြော်ငြာစာထုတ်ပြန်၍၊ ထိုကြော်ငြာစာတွင် သတ်မှတ်ဖော်ပြထားသည့် လမ်း၌၊ သို့တည်းမဟုတ် မြို့၏တစိတ်တဒေသ၌ရှိသော မြေကွက်လပ်ပိုင်ရှင်အသီးသီးသည်၊မိမိ၏မြေပေါ်တွင်မည်သည့် အမျိုးအစားဖြစ်၍ အနည်းဆုံးအထပ်ပေါင်း မည်မျှမည်မျှရှိရမည်ဟု သတ်မှတ်ထားသည့် အဆောက်အအုံတခုခုကို၊ သို့တည်းမဟုတ် အဆောက်အအုံများကို ဆောက်ရမည်ဟု ကြေညာနိုင်သည်။

(၂) ယင်းသို့ကြေညာသည့်အခါ၊ ၎င်းအဆိုပါ မြေကွက်လပ်ပိုင်ရှင်ပိုင်းသည်၊ထိုကြော်ငြာစာနှင့်အညီ၊ထို့ပြင် ရန်ကုန်မြို့တော်မြူနီစီပါယ် အက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်၎င်း၊ မြူနီစီပါယ်အက်ဥပဒေပါပြဋ္ဌာန်းချက်များနှင့်၎င်း၊ ထိုအက်ဥပဒေများအရပြုသည့်နည်းဥပဒေများနှင့်၊ သို့တည်းမဟုတ် စည်းကမ်းဥပဒေများနှင့်၎င်း၊ မဆန့်ကျင်စေဘဲ၊မိမိ၏မြေကွက်လပ်ပေါ်တွင် အဆောက်အအုံကို၊သို့တည်းမဟုတ် အဆောက်အအုံများကို၊ အဖွဲ့ကသတ်မှတ်သည့်အချိန်အတွင်း ပျက်ကွက်ခြင်းမရှိဘဲ၊ပြီးစီးအောင်ဆောက်ရမည်။

သို့ရာတွင် အဖွဲ့သည် လုံလောက်သည်ဟု မိမိယူဆသောအကြောင်းရှိလျှင်၊ ဤပုဒ်မအရ သတ်မှတ်သည့်ကာလအပိုင်းအခြားကို၊ ယေဘုယျအားဖြင့်သော်၎င်း၊ သီးခြား မြေကွက်တခုခုနှင့်စပ်လျဉ်း၍သော်၎င်း၊ တိုး၍ပေးနိုင်သည်။''

(ခ) ပုဒ်မခွဲ (၄) တွင် '' ပုဒ်မခွဲ (၅) နှင့် (၆) '' ဆိုသည့်စကားရပ်အစား '' ပုဒ်မ ၂၀-က '' ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

(ဂ) ပုဒ်မခွဲ (၅) နှင့် (၆) ကိုပယ်ဖျက်ရမည်။

၉။ ။အဆိုပါ အက်ဥပဒေတွင် အောက်ပါကို ပုဒ်မ ၂၀-က အဖြစ်ဖြင့် ထည့်သွင်းရမည်။

“ ၂၀-က။ ။ဤအက်ဥပဒေအခြားနေရာများတွင်ဖြစ်စေ၊ အခြားတည်ဆဲတရားဥပဒေတခုခုတွင်ဖြစ်စေ၊မည်သို့ပင်ပါရှိစေကာမူ၊ ပုဒ်မ ၁၉ အရ၊ သို့တည်းမဟုတ် ပုဒ်မ ၁၉-က အရ၊သို့တည်းမဟုတ် ပုဒ်မ ၂၀ (၄) အရ၊ သိမ်းယူသည့်မြေနှင့် အခြားမရွှေ့မပြောင်းနိုင်သည့် ပစ္စည်းအတွက် လျော်ကြေးကိုအောက်ပါအတိုင်းပေးရမည်။

(က) အီ(စ်)အိန္ဒိယကုမ္ပဏီ (East Indi Company) ထံမှဖြစ်စေ၊ ထိုစဉ်အခါက မြန်မာနိုင်ငံတော်အစိုးရထံမှဖြစ်စေ၊ ဂရန်စာချုပ်ဖြင့်၊ သို့တည်းမဟုတ် အငှါးစာချုပ်ဖြင့်ရယူ၍၊ ပဌမ ဂရန်ရသူက၊ သို့တည်းမဟုတ် ပဌမ အငှါးရသူက၊ သို့တည်းမဟုတ် (မြေကိုဝယ်ယူ၍မဟုတ်ဘဲ အမွေဆက်ခံ၍ ရရှိသည့်) ထိုသူ၏အမွေစား အမွေခံများက လက်ရှိထားဆဲဖြစ်သည့်မြေအတွက်—

မူလဂရန်စာချုပ်ကို၊ သို့တည်းမဟုတ် မူလအငှါးစာချုပ်ကိုပြုလုပ်စဉ်က၊ ပဌမဂရန်ရသူက၊ သို့တည်းမဟုတ် ပဌမအငှါးရသူက ထိုမြေနှင့်စပ်လျဉ်း၍ ပေးရသည့် မူလစပေါ်ငွေ (Premium) ရှိပါက ထိုစပေါ်ငွေ။

(ခ) ၁၉၄၀ ခုနှစ်၊ ဇန္နဝါရီလ ၄ ရက်နေ့မတိုင်မီကဝယ်ယူသော မြေဖြစ်လျှင်—

(ကက) ထိုမြေအတွက် ထိုမြေ၏ကျွာလတန်ဘိုးငွေ၊ သို့တည်းမဟုတ် လက်ရှိပိုင်ရှင်ကပေးရသည့် တန်ဘိုးငွေ၊ (ထိုငွေ) နှစ်ရပ်အနက် နည်းရာငွေ။

(ခခ) မြေကို သိမ်းယူရာတွင် ထိုမြေပေါ်ရှိ အဆောက်အအုံအတွက်—

(ကာကာ) လက်ရှိပိုင်ရှင်က ဆောက်လုပ်သည့် အဆောက်အအုံဖြစ်လျှင် ထိုအဆောက်အအုံကိုဆောက်လုပ်စဉ်က ကုန်ကျသောစရိတ်ငွေမှ ဆောက်လုပ်ပြီးသည့်နှစ်ကစ၍ တနှစ်လျှင် ၂ ½ ရာခိုင်နှုန်းကျ တွက်ချက်၍ ရသော တန်ဘိုးလျော့တွက်ငွေကိုနုတ်ပြီးကျန်ငွေ။

(ခါခါ) လက်ရှိပိုင်ရှင်က ဝယ်ယူသည့် အဆောက်အအုံဖြစ်လျှင် ဝယ်ယူစဉ်ကပေးရသည့်တန်ဘိုးငွေမှ တနှစ်လျှင် ၂ ½ ရာခိုင်နှုန်းကျတွက်ချက်၍ ရသောတန်ဘိုးလျော့တွက်ငွေကိုနုတ်ပြီးကျန်ငွေ။

သို့ရာတွင် ပိုင်ရှင်ကိုယ်တိုင်က အိမ်အကျယ်အဝန်း၏ အနည်းဆုံး ၅၀ ရာခိုင်နှုန်း လက်ရှိထားသော အဆောက်အအုံအတွက် သော်၎င်း၊ သာသနာရေး၊ ကုသိုလ်

ရေး၊ သို့တည်းမဟုတ် ပညာရေး အဖွဲ့အစည်းပိုင်ဆိုင်သော အဆောက်အအုံ တခုခုအတွက် သော်၎င်း၊ ဖြစ်လျှင် ကာလတန်ဘိုးငွေကို ပေးရမည်။

(ဂ) ၁၉၄၈ ခုနှစ်၊ ဇန္နဝါရီလ ၄ ရက်နေ့နောက်မှဝယ်ယူသော မြေဖြစ်လျှင်—

(ကက) ထိုမြေအတွက် ထိုမြေ၏ကာလတန်ဘိုးငွေ၊ သို့တည်းမဟုတ် ၁၉၄၇ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ပေါက်ဈေးငွေ၊ သို့တည်းမဟုတ် လက်ရှိပိုင်ရှင်ကပေးရသည့်တန်ဘိုးငွေ၊ (ထိုငွေ) သုံးရပ်အနက် အနည်းဆုံးငွေ။

(ခခ) မြေကိုသိမ်းယူရာတွင် ထိုမြေပေါ်ရှိ အဆောက်အအုံအတွက် —

(ကာကာ) လက်ရှိပိုင်ရှင်က ဆောက်လုပ်သည့်အဆောက်အအုံဖြစ်လျှင်၊ ထိုအဆောက်အအုံကိုဆောက်လုပ်စဉ်က ကုန်ကျသောစရိတ်ငွေမှ ဆောက်လုပ်ပြီးသည့်နှစ်ကစ၍ တနှစ်လျှင် ၂ ½ ရာခိုင်နှုန်းကျတွက်ချက်၍ရသောတန်ဘိုးလျော့တွက်ငွေကိုနုတ်ပြီး ကျန်ငွေ။

(ခါခါ) လက်ရှိပိုင်ရှင်က ဝယ်ယူသည့် အဆောက်အအုံဖြစ်လျှင်၊ ၁၉၄၇ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ပေါက်ဈေးငွေမှဝယ်ယူသည့်နှစ်ကစ၍ တနှစ်လျှင် ၂ ½ ရာခိုင်နှုန်းကျ တွက်ချက်၍ရသော တန်ဘိုးလျော့တွက်ငွေကိုနုတ်ပြီး ကျန်ငွေ။

သို့ရာတွင် ပိုင်ရှင်ကိုယ်တိုင်က အိမ်အကျယ်အဝန်း၏ အနည်းဆုံး ၅၀ ရာခိုင်နှုန်း လက်ရှိထားသော အဆောက်အအုံအတွက်သော်၎င်း၊ သာသနာရေး၊ ကုသိုလ်ရေး၊ သို့တည်းမဟုတ် ပညာရေး အဖွဲ့အစည်း ပိုင်ဆိုင်သောအဆောက်အအုံတခုခုအတွက်သော်၎င်း၊ ဖြစ်လျှင် ကာလတန်ဘိုးငွေကို ပေးရမည်။

(ဃ) ကြေးမြီအတွက် လက်ရှိပိုင်ရှင်ကရယူထားသည့်မြေ၊ သို့တည်းမဟုတ် အဆောက်အအုံအတွက်—

ပစ္စည်းလွှဲပြောင်းသည့်စာချုပ်တွင် ဖေါ်ပြထားသည့်အဘိုးစားနားငွေ၊ သို့တည်းမဟုတ် ထိုစာချုပ် ချုပ်ဆိုသည့်နေ့ ကာလတန်ဘိုးငွေ၊ (ထိုငွေ) နှစ်ရပ်အနက်နည်းရာငွေ။

၁၀။ ။အဆိုပါအက်ဥပဒေပုဒ်မ ၂၉၊ အပိုဒ် (ခ) တွင် ''တာဝန်ဝက်တာများကို'' ဆိုသည့်စကားရပ်နောက်၌ ''ဥက္ကဋ္ဌအား၊ သို့တည်းမဟုတ်၊'' ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

ပ၊မ၊ဗ၊စ၊—အမှတ် ၅၉၊ တရားရေး၊ ၂၁-၁-၅၄—၂,၀၀၀—၂။